ဇလွတ်ကျေးရွာ

လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇလွတ်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

CamScanner

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | ဇလွှတ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး | ၁၁ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၃ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၄ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၆ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၂ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၄ |




CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု  အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇလွတ်ကျေးရွာ
လောင်းလုံးမြို့နယ်

# ဇလွတ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ဇလွတ်ကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး ပထဝီအနေအထားအရ တောင်တန်းနှင့် မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပါသည်။ အရှေ့ဘက်တွင် ထားဝယ်မြစ်၊ အနောက်ဘက်တွင် တောင်တန်းများနှင့် ဥယျာဉ်ခြံများ၊ တောင်ဘက်တွင် ကျောက်နိမော်ကျေးရွာနှင့် ရာဘာတောများ၊ မြောက်ဘက်တွင် ပြင်ကြီးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ ဇလွတ်ကျေးရွာ အုပ်စုတွင် ဇလွတ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာဟူ၍ ကျေးရွာ(၂)ရွာသာ ပါဝင်ပါသည်။ ကျေးရွာမှ လောင်းလုံးမြို့သို့(၂၂)မိုင်ခန့် ကွာဝေးပြီး နေ့ချင်းပြန်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ပါသည်။ ဇလွတ်ကျေးရွာတွင် ရေလုပ်ငန်းနှင့် ရာဘာလုပ်ငန်း တို့ကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၂၀) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ဇလွတ်ကျေးရွာတွင် ဓာတ် သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ အမြစ် နှင့် သဲ၊ ကျောက်၊ ကျောက်စရစ်များ မထွက် ရှိပါ။ သို့သော် သဲကို (၅)မိုင်ခန့်ကွာဝေးသော ကျောက်ဝပ်ပြင်ကျေးရွာတွင် အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့အပြင် တောကြက်၊ တောဝက်၊ သမင်များကို ဥယျာဉ်ခြံများတွင် တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇလွတ်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်း လုံခြုံရေး တို့အတွက် ရည်ရွယ်၍ သာရေးနာရေးအဖွဲ့၊ လမ်းပြကြယ်အဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ရန်ပုံငွေထောက်ပံ့ကြေးအဖွဲ့နှင့် ဂေါပကအဖွဲ့တို့အားဖွဲ့စည်းထားပါသည်။ အရံမီးသတ်အဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှာ အဖွဲ့အမည်ခံသာရှိပြီး စွမ်းဆောင်မှုများ မရှိကြပါ။ နာရေး ကူညီမှုအဖွဲ့မှာ စွမ်းဆောင်မှုအားကောင်းပြီး အဖွဲ့ဝင်ကျား(၂၀)ဦးပါဝင်ပါသည်။ လမ်းပြကြယ် (ဓမ္မစကူးလ်) အဖွဲ့မှာ ကျေးရွာတွင် ပူးပေါင်းပါဝင်မှုအားအကောင်းဆုံးဖြစ်ပြီး

ကျေးရွာ၏ သာရေး နာရေး၊ ဘာသာရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်သည့်အပြင် ကျေးရွာလမ်းတစ်လျှောက် အမှိုက်ကောက်ခြင်းကိုလည်း ဆောင်ရွက်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ ပညာရေးအတွက် အဓိကထားဆောင်ရွက်ပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ကောင်းမွန်ပါသည်။ ယခု အခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက် နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။ ထို့ကြောင့် ပြင်ပ အကူအညီများ ရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက် ရန် လိုအပ်နေပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ဇလွတ်ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ ရာဘာဖြစ်ပါသည်။ ရာဘာအထွက်နှုန်းမှာ (၂၀၀-၄၀၀)ပေါင် အထိရှိပြီး အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ဓနိမြေ(၇၆.၄)ဧကမှ ဓနိဖက်၊ ပအုံးရည်နှင့် ပျားများ အသင့်အတင့် ရရှိပါသည်။ လယ်မြေအချို့တွင် မိုးစပါးစိုက်ပျိုးပြီးပါက ရာသီပေါ်သီးနှံ စိုက်ပျိုးမှုများ လည်းရှိပါသည်။ ရာသီပေါ်သီးနှံများ အနေဖြင့် ချဉ်ပေါင်၊ ခရမ်း၊ ရုံးပတီ၊ ကြံ၊ ကန်စွန်းရွက်နှင့် ကွမ်းရွက် ပင်များကို တစ်နိုင်တစ်ပိုင်ဖြင့် စိုက်ပျိုးသူ အနည်းငယ်ရှိပြီး ဥယျာဉ်ခြံများမှ ကွမ်းသီးနှင့် ဒူးရင်းသီး အနည်းငယ် ထွက်ရှိပါသည်။

ဇလွတ်ကျေးရွာတွင် မိုးရေဖြင့်သာ အဓိကအားထား စိုက်ပျိုးပါသည်။ ထို့အပြင် ရာသီပေါ် သီးနှံများကို စပါးရိတ်သိမ်းပြီးအချိန်တွင် လယ်ကွင်းများ၌ လက်တူးတွင်းများ တူးဖော်ကာ စိုက်ပျိုးမှု အနည်းငယ်ရှိပါသည်။ ဇလွတ်ကျေးရွာတွင် လယ်လုပ်သူတောင်သူ အနည်းငယ်သာ ရှိသည့်အတွက် စက်ကိရိယာ ပိုင်ဆိုင်မှု အနည်းအကျဉ်းသာရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိသဖြင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်း ဖွင့်လှစ်မည်ဆိုပါက မိသားစုဝင်ငွေများ တိုးပွားလာပြီး စားဝတ်နေရေး အဆင်ပြေလာမည်ဖြစ် ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ဇလွှတ်ကျေးရွာတွင် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုမရှိပါ။ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ကြက်မွေးမြူသော အိမ်ထောင်စု(၆၁) စုရှိပြီး အကောင်ရေ (၅၁၃)ကောင်ရှိပါသည်။ ထို့အပြင် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု(၁)စုနှင့် ကမ်းလွန် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု (၂၂)စုလည်း ရှိပါသည်။ ကမ်းလွန်ငါးဖမ်းလုပ်ကိုင်သူများသည် ငါးသာမက ပုဇွန်နှင့် ကင်းမွန်များကိုလည်း ဖမ်းယူကြပါသည်။ ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းတိုးတက်စေရန်အတွက် အခွင့်အလမ်း များအနေဖြင့် ရေနှင့်ဈေးကွေ အသင့်အတင့်ရရှိနိုင် ပါသည်။ ထို့အပြင် မျိုးတိရစ္ဆာန်များ၊ သွင်းအားစုများ အသင့်အတင့်ဝယ်ယူနိုင်ပြီး ထုတ်ကုန်များကိုလည်း ရောင်းချနိုင်ပါသည်။ ဈေးကွေမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ဈေးပေးပြီး အတိုးနှုန်းမှာ(၁%)သာ ဖြစ်သဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် ငါးမွေးမြူရေးလုပ်ကိုင်ရန်အတွက် ရေမြေအနေ ထား ကောင်းမွန်ပြီး သွင်းအားစုများကို အသင့်အတင့်ဝယ်ယူနိုင်ပြီး ထုတ်ကုန်များကိုလည်း ရောင်းချနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ အခွင့် အလမ်းများရှိသဖြင့် မွေးမြူရေးနှင့် ပတ်သက်၍ ပညာပေးသင်တန်း ဖွင့်လှစ်မည်ဆိုပါက အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဥယျာဉ်ခြံ လုပ်ငန်း၊ ဆီဆိုင်၊ ငါး/ပုစွန်ရောင်းဝယ်ရေး လုပ်ငန်း၊ သစ်လုပ်ငန်း၊ အပ်ချုပ်၊ ပို့ဆောင်ရေး လုပ်ငန်းနှင့် ပညာရေးဝန်ထမ်း တို့ဖြစ်ကြပါသည်။ ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင် နေသည့် မိသားစုဝင်များထံမှ အပြည့်အဝမှီခိုနေရသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သူများ၏ တစ်နေ့လျှင် လုပ်အားခနှုန်းထား (၁၂၀၀၀-၈၀၀၀) အကြား ရရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၁၀၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၅၀၀၀)မှ အနည်းဆုံး (၈၀၀၀) အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွဲလင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှု နည်းပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်း အုပ်စုအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဇလွတ်ကျေးရွာ၏ကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိ နိုင်သောနေရာများမှာ အလွန်နည်းပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား အပေါင်ခံပစ္စည်းပုံစံ(၇)ရှိမှသာ ချေးငွေများကို ထုတ်ချေးပေးပြီး ကာလတိုချေးငွေကိုသာ ရရှိပါသည်။ အချို့တောင်သူများမှ ပုံစံ(၇)မရှိသဖြင့် ချေးငွေရရှိရန် ခက်ခဲပါသည်။ အရေးပေါ် ကိစ္စများ ကြုံလာပါက မိတ်ဆွေနှင့် ဆွေမျိုးများတွင် အပေါင်ပစ္စည်း တစ်စုံတစ်ရာဖြင့် အတိုးနှုန်း(၅-၁၀)% ချေးယူကြရပြီး အချိန်မီရရှိရန် အခက်အခဲရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်လိုသူများ၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဆောင် ရွက်လိုသူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးနေသော မြစိမ်းရောင် စီမံကိန်းလည်းရှိသဖြင့် ငွေကြေးလက်လှမ်းမီများနှင့် ပတ်သက်၍ အသင့်အတင့် အဆင် ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဇလွတ်ကျေးရွာတွင် ကျေးရွာတွင်းလမ်း(၂)လမ်းရှိပြီး မြေသားလမ်းများဖြစ်ကြ ပါသည်။ လမ်းများမှာ နွေရာသီတွင်သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကြောင့် သွားလာရန်ခက်ခဲသဖြင့် ပြုပြင်ရန် လိုအပ်နေ ပါသည်။ ထို့အပြင် ရေဆိပ်ဆင်းလမ်းမှာ (၄၀၀၀')ခန့်ရှိပြီး လမ်းနံဘေးတွင် နေအိမ်များနှင့် လယ်ကွင်းများလည်းရှိပါသည်။ ထို့အပြင် အဆိုပါလမ်းသည် ကျေးရွာမှထွက်ရှိသော ငါး၊ ပုဇွန်ကိုသယ်ယူရာ၌ အဓိကအသုံးပြုပြီး မြေသားလမ်းဖြစ်သဖြင့် သွားလာရန် ခက်ခဲ ပါသည်။ အဆိုပါလမ်းသည် သားငါးကုန်ထုတ်လမ်းဖြစ်သဖြင့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက အကျိုးများစွာ ရရှိလာမည်ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာ လမ်းဖြစ်သဖြင့် အသင့်အတင့် ကောင်းမွန်သော်လည်း လမ်းကျဉ်းမြောင်းသဖြင့် လမ်း(၂)စီး လွဲရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာချင်းဆက်လမ်းအား တိုးချဲ့ရန်လိုအပ် နေပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်းမရှိပါ။

ဇလွတ်ကျေးရွာ၏ တံတားအခြေအနေမှာ ဆိပ်ခံတံတား၊ ကြိုးတံတား၊ ဝါးတံတားနှင့် ရေကျော်တံတားများ မရှိပါ။ ကျေးရွာတွင် ကွန်ကရစ်တံတား(၇)စင်းရှိပြီး လမ်းဦးစီးဌာနမှ ဆောင်ရွက် ထားပါသည်။ ကွန်ကရစ်တံတား ဆောက်လုပ်ထားသည်မှာ (၂)နှစ်ကျော်ခန့် သာရှိသဖြင့် အရည်အသွေးကောင်းမွန်ပါသည်။ ထို့အပြင် ရွာတွင်းလမ်းပေါ်တွင် ရေပြွန် (၁)စင်းရှိပြီး အရည်အသွေးကောင်းမွန်ပါသည်။ ကျေးရွာတွင် မြစ်ကြောင်းအား ကမ်းနီး



CamScanner

ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန်သာ အသုံးပြုပြီး (၂)မိုင်ခန့်ရှိကာ တစ်နှစ်ပတ်လုံး နီးပါး အသုံးပြုပါသည်။ အဆိုပါ မြစ်ကြောင်းလမ်းအတွက် လှေနှင့် စက်လှေ (၂)မျိုးစလုံး အသုံးပြုပါသည်။ ပင်လယ်ရေကြောင်း လမ်းသည် (၁၀)မိုင်ခန့်ရှိပြီး ပွင့်လင်း ရာသီများတွင် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန် အသုံးပြုပါသည်။

ဇလွတ်ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူများသည် စက်လှေသာမက လှေကိုပါ အသုံး ပြုကြပါသည်။ စက်လှေကို ကမ်းဝေးငါးဖမ်းလုပ်ငန်းအတွက် အသုံးပြုပြီး လှေကိုမူ ကမ်းနီး ငါးဖမ်းလုပ်ငန်းအတွက် အသုံးပြုပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့ သွားလာရာတွင် အသုံးပြုကာ (၉၀)စီးရှိပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ၊ စီးပွားရေးကိစ္စတွင် အသုံးပြုကြပြီး (၁၉၀)စီးရှိပါသည်။ ကား (၁၁)စီးမှာ ရွာ၏သယ်ယူ ပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ ထော်လာဂျီ(၆)စီးမှာ ကျေးရွာမှထွက်ရှိသော ကုန်ပစ္စည်းများကို သယ်ယူရာ၌ အသုံးပြုကြပါသည်။ ထားဝယ်မြို့သို့ သွားမည်ဆိုပါက ကျေးရွာမှ ကားများရှိပြီး ကားခအသွားအပြန် (၅၀၀၀) ကျပ် ပေးရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဇလွတ်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း မရရှိသေးပါ။ ယခုလက်ရှိတွင် မီးသုံးစွဲမှုမှာ ဆိုလာစနစ်(၁၅)စုနှင့် ဒီဇယ်သုံးအင်ဂျင်(၁၇၀)စု တို့ဖြစ်ကြပါသည်။ ဒီဇယ်သုံးအင်ဂျင်အား ဖြန့်ဝေသူ(၁)ဦးရှိပြီး နံနက်(၅:၀၀)နာရီမှ (၆:၀၀) နာရီ (၁)ကြိမ် နှင့် ညနေ(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီ(၁)ကြိမ် စုစုပေါင်း(၂)ကြိမ် ဖြန့်ဝေလျက်ရှိပါသည်။ လျှပ်စစ်မီးသုံးစွဲမှုအား တစ်ယူနစ်လျှင်(၈၅၀)ကျပ်ပေးရပြီး တစ်လလျှင် (၁၀)ယူနစ်သုံးစွဲရန် သတ်မှတ်ထားပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှုတေးနှုန်းမှာ မြင့်မားသဖြင့် ဆင်းရဲသော မိသားစုများ မသုံးစွဲနိုင်ပါ။ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးကိုသာ အသုံးပြုရပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဈေးနှုန်းသက်သာသော မဟာဓာတ်အားလိုင်း ရရှိအောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ မဟာဓာတ်အားလိုင်းရရှိမည်ဆိုပါက ကျေးရွာနေအိမ်ထောင်စုများအားလုံး လျှပ်စစ်မီးအသုံးပြုလာနိုင်ပြီး အသေးစားစက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဇလွတ်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၃၉၀) လုံး ရှိပြီး Mytel နှင့် MPT ဖုန်းလိုင်းများ ရရှိပါသည်။ ကျေးရွာတွင် ဖုန်းတာဝါတိုင် မရှိသဖြင့် ဖုန်းလိုင်းမကောင်းပါ။ ထို့အပြင် ရေဒီယို(၆၀)လုံးရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထားတတ်လေ့ရှိရာ သတင်းအချက်



CamScanner

အလက်နှင့် နည်းပညာများကို နားဆင့်လေ့ရှိပါသည်။ ထို့အပြင် တီဗွီ(၁၇၂)လုံးနှင့် စလောင်း (၁၆၃)လုံးမှလည်း သတင်းအချက်အလက်နှင့် ဖြေဖျော်မှုများ ရရှိပါသည်။

၆။ ပညာရေး

ဇလွတ်ကျေးရွာ၏ ကျောင်းအဆင့်မှာ အလယ်တန်းကျောင်း(ခွဲ) ဖြစ်ပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာ/မ(၁၃)ဦးနှင့် ကျောင်းသား(၁၈၅)ဦးရှိပါသည်။ ကျောင်းသည် ကျေးရွာအလယ်တွင်သဖြင့် ခြေလျင်၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ ကျောင်းအဆောက်အဦပုံစံမှာ RC(၁)ထပ်များ ဖြစ်ပြီး (၁၂၀'×၃၀') ၊ (၉၀'×၃၀')နှင့် (၂၅'×၃၀') (၃)ဆောင်ရှိပါသည်။ အဆောက်အဦများမှာ အရည်အသွေးကောင်းမွန် ပါသည်။ ထို့အပြင် အခြားဒေသမှ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာရှိသဖြင့် အဆင်ပြေမှု ရှိပါသည်။ ကျောင်းသားဦးရေများလာသဖြင့် စာရေးခုံ (၃၀)စုံဖြည့်ဆည်းရန် လိုအပ်နေပါသည်။ ကျောင်းအိမ်သာမှာ (၄)ခန်းတွဲ(၁) လုံးနှင့် (၂)လုံးရှိပြီး သန့်ရှင်းမှုလည်းရှိပါသည်။ အာဟာရတိုက် ကျွေးမှုမှာ (၁)လလျှင် တစ်ကြိမ် ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ) ရှိသဖြင့် မူလတန်းကျောင်းထွက်နှုန်းမှာ နည်းပါးပြီး ကျေးရွာသူ/သားများသည် ပညာရေးဆိုင်ရာ အသိအမြင်များ အသင့်အတင့် ရှိသည်ဟုဆိုနိုင်ပါသည်။ မူလတန်းမှ အထက်တန်းအထိ ပညာရေးအား အခမဲ့သင်ကြားရသဖြင့် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုများ မရှိသည့်အပြင် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာလည်း လုံလောက်စွာ ရရှိပါသည်။

ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက စာမတတ်သူဦးရေမှာ ကျား(၁၁)ဦးနှင့် မ(၂၄)ဦးတို့ရှိပါသည်။ ကျေးရွာတွင် မူလတန်းတတ်မြောက်မှုနှုန်းနှင့် အလယ်တန်း တတ်မြောက်မှုနှုန်းမှာ အသင့်အတင့်ရှိသော်လည်း အထက်တန်းနှင့်တက္ကသိုလ် အဆင့်တတ်မြောက်မှုမှာ သိသိသာသာ လျော့နည်းလာကြောင်း လေ့လာတွေ့ရှိ ရပါသည်။ အထက်တန်းအဆင့်ရှိသည့် ကျောင်းသား/သူများ ကျောက်နီမော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက်သင်ကြားကြပြီး (၂/၀)မိုင်ခန့် ကွာဝေးပါသည်။ ငွေကြေးတတ်နိုင်သော မိသားစုများမှာ လောင်းလုံးမြို့ဘော်ဒါဆောင်(သို့) ထားဝယ်မြို့တွင် ပညာသင်ကြားကြပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများသည် ထားဝယ်မြို့တွင်ရှိသည့် ထားဝယ်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ ကျန်းမာရေးဌာနခွဲတွင် ကြီးကြပ်(၂) ဆရာမ(၁)ဦးရှိပြီး ဖျားနာခြင်းကဲ့သို့သော အသေးအမွှားရောဂါများအတွက်

အဆင်ပြေသော်လည်း ကုသရေးသုံးပစ္စည်းကိရိယာများ စုံလင်မှု မရှိသဖြင့် ကလေး မီးဖွားခြင်းအား မပြုလုပ်နိုင်ပါ။ ထို့ကြောင့် ကျေးရွာသူ/သားများသည် တိုက်နယ်ဆေးရုံ(သို့) မြို့နယ်ဆေးရုံတွင် ကုသမှုခံယူကြပါသည်။ တိုက်နယ်ဆေးရုံမှာ သကျက်တော ကျေးရွာတွင် ရှိပြီး ကျေးရွာမှ (၇)မိုင်ခန့် ကွာဝေးပါသည်။ ထို့အပြင် မြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၂၂)မိုင်ခန့်ကွာဝေးပြီး အခန်း/ကုတင် လုံလောက်ပါသည်။ ကျေးရွာသူ/သားများသည် အများ အားဖြင့် ကျေးရွာတွင်သာ ကုသမှု ခံယူကြပြီး အရေးပေါ်ကိစ္စများ ကြုံတွေ့မှသာ တိုက်နယ် ဆေးရုံ(သို့မဟုတ်) မြို့နယ်ဆေးရုံတွင် ကုသမှုခံယူ ကြပါသည်။ ကျေးရွာတွင် လူနာတင် ယာဉ်(၁)စီးရှိပြီး အရေးပေါ်ကိစ္စများ ကြုံတွေ့လာပါက အခမဲ့ ပို့ဆောင်ပေးလေ့ ရှိပါသည်။

ဇလွတ်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ၊ နလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများနှင့် အခြားကူးစက် နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါမှာ ဖြစ်ပွားမှု နှုန်းမှာမြင့်မားပါသည်။ထို့အပြင် မိုးရာသီ၌ ကလေးများတွင် သွေးလွန်တုတ်ကွေးဖြစ်ပွားမှု အနည်း အငယ်ရှိတတ်ပြီး အချိန်မီကုသနိုင်သဖြင့် သေဆုံးမှုများ မရှိပါ။

ဇလွတ်ကျေးရွာတွင် လွန်ခဲ့သော(၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ် ရောဂါ မှတပါး အခြားသော ရောဂါများအတွက် ကာကွယ်ဆေးထိုးခြင်းများ ရှိပါသည်။ ထို့အပြင် (၅)နှစ်အောက် ကလေးသူငယ်များအား ကလေးပေါင်ချိန်ခြင်း၊ အာဟာရ တိုက်ကျွေးခြင်းအား လစဉ်ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဌာနခွဲရှိသဖြင့် ကျန်းမာရေး ဝန်ဆောင်မှုအား အချိန်မီ ရရှိပါသည်။ ကျေးရွာတွင် အိမ်သာ မရှိသောအိမ်ထောင်စုမှာ (၂၉%)ခန့်ရှိသဖြင့် သန့်ရှင်းသောအိမ်သာ သုံးစွဲမှုနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများသည် ဥယျာဉ်ခြံများတွင် ကြုံသလို ဖြေရှင်းကြပြီး ထိုသူများသည် ဆင်းရဲသော မိသားစုများ ဖြစ်ကြပါသည်။

ကျေးရွာတွင် လက်တူးတွင်းအား (၁၃၂)တွင်းရှိပြီး အသုံးပြုသူ အိမ်ထောင်စု (၂၂၇)စု ရှိပါသည်။ သောက်သုံးရေအား ရာသီမရွေး ရေလုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ရေတွင်း မရှိသော အိမ်ထောင်စုများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက် ခဲ့သော အများသုံးရေတွင်းတွင် ခပ်ယူသုံးစွဲကြပြီး ရေအရည်အသွေးလည်း ကောင်းမွန် ပါသည်။ ထို့အပြင် အဝီစိတွင်း စပ်တပ် အသုံးပြုသော အိမ်ထောင်စု (၁၆)စုလည်း ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဇလွတ်ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် အခက်အခဲများမှာ နှစ်စဉ်ရေကြီးရေလျှံမှုများ၊ ဆားငန်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် မြေဆီလွှာပျက်စီးမှု ရှိပါသည်။ ဒီရေတောများမှာ ခုတ်ထွင်မှုများရှိနေသဖြင့် ရှားပါးလာပြီး တိရစ္ဆာန်မျိုးကွဲများမှာလည်း ဖမ်းဆီးမှုများလာသဖြင့် ရှားပါးလာပါသည်။ ကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစေ့များအနေဖြင့် တောကြက်၊ တောဝက်၊ သမင်များကို ဥယျာဉ်ခြံများတွင် တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။ ထို့ကြောင့် ကျေးရွာမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန် လိုအပ်နေပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှိုက်ပစ်ရန်နေရာ၊ အမှိုက်ကန်ဟူ၍ သီးသန့်သတ်မှတ်ထားခြင်း မရှိသဖြင့် နေအိမ်များတွင် မီးရှို့ကြပါသည်။ အချို့မှာ မြစ်ကမ်းဘေးတွင် စွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိလာနိုင်ပါသည်။ထို့ကြောင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စီမံချက်များ စနစ်တကျရေးဆွဲထားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇလွတ်ကျေးရွာတွင် လူငယ်၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုနှင့် ရွှေ့ပြောင်းလုပ်သားများမှာ အခက်အခဲ အနည်းငယ်ရှိပြီး ထိခိုက်လွယ်မှု နိမ့်ပါသည်။ ထို့အပြင် မြေယာမဲ့တောင်သူများ နှင့် ကျပန်းအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသဖြင့် စားဝတ်နေရေးအတွက် အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ကျေးရွာတွင် စက်ရုံ၊အလုပ်ရုံများ တည်ဆောက်မည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းရရှိလာပြီး မိသားစု ဝင်ငွေတိုးပွားလာကာ စားဝတ်နေရေးအတွက် အဆင်ပြေလာမည်ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇလွတ်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်မှုမရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင်လည်း ပါဝင်မှု မရှိကြပါ။ အမျိုးသမီးများသည် အများအားဖြင့် ကျပန်းလုပ်ငန်း လုပ်ကိုင်ခြင်း၊ အိမ်မှုကိစ္စများဆောင်ရွက်ခြင်းတိုးဖြင့်သာ အချိန်ကုန် နေတတ်ကြပါသည်။ သို့သော် လူမှုရေးလုပ်ငန်းများတွင် အသင့်အတင့်ပါဝင်မှုရှိပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အားနည်းသဖြင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။ ထို့အပြင် ကျေးရွာတွင် အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ် နိုင်မည်ဆိုပါက ကျေးရွာ၏ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်မှုအပိုင်းတွင် ပူးပေါင်း ပါဝင်လာ နိုင်မည်ဟုလေ့လာရပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဇလွတ် | | | ကျေးရွာအမည် - ဇလွတ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၃ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | နည်းပညာ | မွေးမြူရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၃၀)စုံဖြည့်ဆည်းခြင်း | |
| ၆ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | အိမ်တိုင်း ယင်လုံအိမ်သာသုံးစွဲလာစေရန် ပညာပေး လုပ်ဆောင်ခြင်း။ | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေဆိပ်ဆင်းလမ်းကွန်ကရစ်ခင်းခြင်း(၆၀၀'×၁၂'×၆") | ပထမ |
| ၈ | အခြေခံအဆောက်အဦ | အခြား | ကျေးရွာသုသာန်စကြံဆောက်လုပ်ခြင်း | ဒုတိယ |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၂၀၀၀'×၁၂'×၆") | တတိယ |
| ၁၀ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၁ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၁၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၁၃ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၁၄ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များရေးဆွဲခြင်း | |
| ၁၅ | အခြေခံ အဆောက်အဦ | အညစ်အကြေး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင်ခြင်း။ | |
| | | | | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၇ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၅ | ၂၄ | ၅၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၅၉ | ၉၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၆ | ၆၅ | ၁၂၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၂၀ | ၄၈၂ | ၁၀၀၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၄ | ၅၈ | ၉၂ |
| စုစုပေါင်း | | ၆၉၂ | ၆၉၅ | ၁၃၈၇ |
| စုစုပေါင်း အိမ်ထောင်စု | | | ၂၄၃ | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာတွင် အိမ်ထောင်စု(၂၄၃)စုရှိပြီး ကျား(၆၉၂)ဦး နှင့် မ(၆၉၅) ဦး၊ စုစုပေါင်းလူဦးရေ (၁၃၈၇)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်များမှာ (၁၄)ဦး ရှိပြီး အလွန်နည်းပါးသဖြင့် အိမ်ထောင်သည်များ သားဆက်ခြားဆက်ရာ အသိပညာတိုး တက်လာမှု ရှိသည်ဟုဆိုနိုင်ပါသည်။ (၅)နှစ်အောက် ကလေးများနှင့်(၆၅)နှစ်အထက် လူကြီးများ အသင့်အတင့် ရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ်အထိ ကျောင်းနေရွယ်ကလေးများမှာ ကျေးရွာတွင် (၂၂၀)ဦးရှိပြီး ကျေးရွာ၏(၁၆%)ခန့် ရှိပါသည်။ (၁၅)နှစ်မှ (၆၄) နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ်ကိုင်နိုင်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ကျား၊ မလူနေမှု အချိုးအစားမှာ တူညီ လုနီးပါးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၃၂ | ၁၇ | မြင့် ☐ လတ် ☑ နိမ့် ☐ |

နောက်ဆက်တွဲ (၁)

ဇလွတ်ကျေးရွာ ၊ ဇလွတ်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးအောင်သူဦး | ဦးလှသိန်း | ၆/လလန(နိုင်)၁၀၅၁၅၄ | ၃၃ | နာယက | ၀၉-၂၅၁၄၆၄၉၃၂ |
| ၂။ | ဦးသန်းမောင် | ဦးအေးဟန် | ၆/လလန(နိုင်)၀၁၁၉၉၂ | ၇၂ | နာယက | - |
| ၃။ | ဦးရှားဖေ | ဦးအုံးငွေ | ၆/လလန(နိုင်)၀၁၁၈၆၈ | ၇၅ | နာယက | - |
| | | | | | | |
| ၁ | ဦးသီးမြင့် | ဦးအောင်ကြွယ် | ၆/လလန(နိုင်)၀၁၂၁၄၈ | ၆၈ | ဥက္ကဋ္ဌ | ၀၉-၄၉၅၈၇၈၅၀ |
| ၂ | ဦးခင်မောင်လေး | ဦးသင်းကြိုင် | ၆/လလန(နိုင်)၀၀၁၂၂၆ | ၄၈ | အတွင်းရေးမှူး | ၀၉-၈၉၇၅၂၁၆၆ |
| ၃ | ဦးအေးဝင်း | ဦးဖစု | ၆/လလန(နိုင်)၀၀၁၉၅၃ | ၅၄ | ဘဏ္ဍာရေးမှူး | ၀၉-၈၈၈၆၄၉၁၅၄ |
| ၄ | ဦးကံမြင့် | ဦးထွန်းရှိ | ၆/လလန(နိုင်) ၀၂၆၈၉၆ | ၆၃ | စာရင်းကိုင် | ၀၉-၇၃၀၉၄၄၃၉ |
| ၅ | ဦးသန်းဦး | ဦးသန်းညွန့် | ၆/လလန(နိုင်)၀၁၂၀၂၀ | ၅၃ | အဖွဲ့ဝင် | ၀၉-၄၉၈၀၅၃၁၁ |
| ၆ | ဒေါ်အောင်းရီ | ဦးသိန်းအောင် | ၆/လလန(နိုင်)၀၀၁၂၄၈ | ၄၅ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်ခင်မူ | ဦးရှားဖေ | ၆/လလန(နိုင်) ၀၀၁၂၅၆ | ၄၈ | အဖွဲ့ဝင် | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၆ | - | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၅၅ | ၁၃ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၄ | ၅၈ | ၂၇ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| နိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၇ | ၄၇ | ၁၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၇ | ၁၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | ပညာရေး | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ကျန်းမာရေး | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၃ | ၁၄၇ | ၃၈ | |
| | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | စုစုပေါင်း | ၂၃၈ | ၃၇၃ | ၁၄၉ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုစွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဇလွှတ်ကျေးရွာတွင် အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် ရေလုပ်ငန်းနှင့် ရာဘာလုပ်ငန်းအား လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဥယျာဉ်ခြံ လုပ်ငန်း၊ ဆီဆိုင်၊ ငါး/ပုစွန်ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ အပ်ချုပ်၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ပညာရေးဝန်ထမ်းတို့ဖြစ်ကြပါသည်။ ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင်များထံမှ အပြည့်အဝမှီခိုနေရသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းအုပ်စုအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၁၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၁၀၀၀၀ | - | ၇၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၁၅၀၀၀ | - | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေလုပ်ငန်းအား အဓိကထားလုပ်ကိုင်ကြပြီး တစ်နေ့လျှင် လုပ်အားခနှုန်းထား (၁၂၀၀၀-၈၀၀၀) အကြားရရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၁၀၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၅၀၀၀)မှ အနည်းဆုံး (၈၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှု နည်းပါသည်။ ထို့အပြင် ဥယျာဉ်ခြံလုပ်ငန်းကို ကိုယ်ပိုင်အဖြစ် လုပ်ကိုင်သူများလည်းရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၆၇.၆ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၆၈.၈ | ကောင်း ☑ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၀.၃ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ဓနိတောမြေ | ၇၆.၄ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၆.၆ | ကောင်း ☐ | သင့် ☐ | ညံ့ ☑ |
| စုစုပေါင်း | ၅၃၂.၇ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ(၅၃၂.၇)ဧကအနက် (၆၇.၆)ဧကမှာ စပါးစိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေများတွင် အများအားဖြင့် ကွမ်းသီးနှင့် ရာသာပင်များ စိုက်ပျိုးပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။ ဓနိမြေ(၇၆.၄)ဧကမှ ဓနိဖက်၊ ပအုံးရည်နှင့် ပျားများ အသင့်အတင့် ရရှိပါသည်။ လယ်မြေအချို့တွင် မိုးစပါးစိုက်ပျိုးပြီးပါက ရာသီပေါ်သီးနှံ စိုက်ပျိုးမှုများလည်းရှိပါသည်။ မြေလွတ်မြေလပ် (၁၆.၆)ဧကရှိသော်လည်း ရေလွှမ်းမိုးခြင်း ခံထားရသဖြင့် စိုက်ပျိုးမြေအဖြစ် အသုံးပြု၍ မရပါ။

### (၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာတွင် ခာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်နှင့် သဲ၊ ကျောက်၊ ကျောက်စရစ်များ မထွက်ရှိပါ။ သို့သော် သဲကို (၅)မိုင်ခန့်ကွာဝေးသော ကျောက်ဝပ်ပြင်ကျေးရွာတွင် အသင့်အတင့်ဝယ်ယူနိုင်ပါသည်။ ထို့အပြင် တောကြက်၊ တောဝက်၊ သမင်များကို ဥယျာဉ်ခြံများတွင် တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၀ | ၇၀ | ၁၀၀ | ၅၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု၏ (၁၂.၃၅%) သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး ရာဘာလုပ်ငန်းနှင့် ရေလုပ်ငန်းများလုပ်ကိုင်ကြသည်။ အဆင်



CamScanner

ပြေသော အိမ်ထောင်စုတွင် ဥယျာဉ်ခြံ (၂၀-၅၀) ဧက အထက်ပိုင်ဆိုင်သူများ၊ အချို့မှာ ဥယျာဉ်ခြံ မရှိဘဲ ရေလုပ်ငန်းဖြင့် စီးပွားရေးလုပ်ကိုင်ကာ အဆင်ပြေနေသူများ ဖြစ်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၂၈.၈၁%)ရှိပြီး  အဓိက စီးပွားရေးလုပ်ငန်းအဖြစ် ရေလုပ်ငန်းအား လုပ်ကိုင်ကြပြီး ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ရှိကြပါသည်။ အိမ်အခြေအနေမှာ တိုက်တစ်ပိုင်းအိမ်တစ်ပိုင်း၊ ပျဉ်ထောင်အိမ်များ ဖြစ်ကြပြီး ၊ မိသားစုအချို့မှာ အိမ်ဆိုင်လေးများ ဖွင့်လှစ်ရောင်းချသူများ ဖြစ်ကြသည်။ ဝင်ငွေနည်း မိသားစုများမှာ ကျေးရွာအိမ်ထောင်စု၏ (၆၃%) ဖြစ်ပြီး ဆိုင်ကယ်(၁)စီး ပိုင်ဆိုင်၍ အိမ်အနေအထားမှာ သစ်သားအိမ်များ ဖြစ်ကြပါသည်။ ဝင်ငွေ အနည်းဆုံးသော မိသားစုများမှာ မြေယာမဲ့များဖြစ်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၅)%ဖြစ်ပြီး ကျဘန်းလုပ်သားများ ဖြစ်ကြသည်။

(င) ထိနိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____၁၂_____<br>လုပ်အားခကြိုယူ = _____၂၈_____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____၈_____<br>လုပ်အားခကြိုယူ = _____၁၂_____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာစနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာနိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဇလွတ်ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၁၀၀)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၅၃)စုရှိပြီး ချေးယူ၍ ဖြေရှင်းကြပါသည်။ စုစုပေါင်း(၁၅၃) အိမ်ထောင်စု၏ (၃၀)ရာခိုင်နှုန်းကို စစ်တမ်းကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းများဖြင့် မိသားစု စားဝတ်နေရေး ဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော ၆၄နှစ်နှင့် အထက် ၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု(၁)စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၁)စုရှိပြီး ကျပန်းလုပ်ငန်းဖြင့် အသက်မွေးပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | လျှေင် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |



CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေများ အနေဖြင့် ဆားငန်ရေဝင်ရောက်မှု၊ မြေပြိုခြင်းများကိုလည်း တွေ့ကြုံခံစားရပြီး ထိခိုက်လွယ်မှု အလယ်အလတ် ရှိပါသည်။ကျေးရွာတွင် ဒီရေတောများရှိသော်လည်း ထိန်းသိမ်းမှုမရှိသဖြင့် ထိခိုက်လွယ်မှု အနည်းငယ်ရှိနေပါသည်။ ကျေးရွာသည် ရေလုပ်ငန်းအား အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သဖြင့် ဒီရေတောများ မပြုန်းတီးစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင် ပွင့်လင်းရာသီတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် ထိခိုက်လွယ်မှုနည်းပါးသော်လည်း မိုးရာသီတွင် ထိခိုက် လွယ်မှုများ မြင့်မားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဥ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဇလွတ်ကျေးရွာတွင် လူငယ်၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုနှင့် ရွှေ့ပြောင်းလုပ်သားများမှာ အခက်အခဲ အနည်းငယ်ရှိပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။



CamScanner

ထို့အပြင် မြေယာမဲ့တောင်သူများ နှင့် ကျပန်းအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသဖြင့် စားဝတ်နေရေးအတွက် အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပြီး မိသားစုဝင်ငွေ တိုးပွားလာကာ စားဝတ်နေရေးအတွက် အဆင်ပြေလာမည်ဖြစ်ပါသည်။ ထို့အပြင် ကားမောင်းပြီး အသက်မွေးသူများရှိသော်လည်း ထိခိုက်မှုများမရှိပါ။ ဒေသအတွင်း ပဋိပက္ခဇရိယာတွင် နေထိုင်သူ များ၊နယ်စပ်တွင် နေထိုင်သူများ၊ ရွှေတွင်းအလုပ်သမားများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများ၊ ကူးစက် ရောဂါ ရနိုင်ခြေရှိသော သူများ၊ နယ်စပ်တွင် နေထိုင်သူများ မရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လမ်းပြကြယ် | ၁☐ ၂☐ ၃☑ | ၃၀ | ၇၀ | ၁၀၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | နာရေး ကူညီမှု အဖွဲ့ | ၁☐ ၂☑ ၃☐ | ၂၀ | - | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
